**“ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး”အစီအစဉ်**

# ပြည်သူ့စိတ်ချင်းဆက်အခန်းကဏ္ဍ

## စိတ်ချင်းဆက်၍ ပေါက်ဖော်ချစ်ကြည်ရေးပိုမိုရင်းနှီးလာ

**“ကျုပ်ကမြစ်ညာတွင်နေ၊ သင်ကမြစ်ကြေတွင်နေ။ အပြန်အလှန်အတိုင်းမသိချစ်ခင်၊ တစ်မြစ်တည်းနေ၊ တစ်ရေတည်းသောက် . . . အပြန်အလှန်အိမ်နီးချင်းဖြစ်၊ ချစ်ကြည်မှုရေရှည်စု၊ တောစိမ်းပမာအစွန့်ရှည်၊ ရေစီးပမာတသွင်သွင်စီးဆင်း”။** ယင်းသည် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးအတွက် ကဗျာအဆန်ဆုံးသော ဖော်ကျူးချက်ပင်ဖြစ်သည်။ ၁၉၅၆ခုနှစ်တွင် တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် မြန်မာဝန်ကြီးချုပ် ဦးဘရွှေတို့သည် တရုတ်-မြန်မာနယ်စပ်တွင် တရုတ်-မြန်မာချစ်ကြည်ရေး ရေရှည်တည်တံ့ရေးကို သရုပ်ဖော်သောစံကားပင်ကို ကိုယ်တိုင်စိုက်ပျိုးခဲ့ကြသည်။ ယခုအထိ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” အစီအစဉ်သည် တရုတ်-မြန်မာနှစ်နိုင်ငံတို့ကိုပိုမိုရင်းနှီးစွာ ပေါင်းစပ်ထားပြီး တရုတ်-မြန်မာ ချစ်ကြည်ရေးသည် နှစ်(၅၀)ကျော် ဖြတ်ကျော်နိုင်ခဲ့သည်။ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံမှပြည်သူပြည်သားများကလည်း ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်တိုးချဲ့လာသည်နှင့်အမျှ ပိုမိုခင်မင်ရင်းနှီးလာသည်နှင့်အမျှ စိတ်ချင်းနီးသထက်နီးအောင် ဆက်ကြသဖြင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးအတွက် ကဏ္ဍသစ်ဖွင့်လှစ်နိုင်ခဲ့သည်။

## ပေါက်ဖော်မှာအခက်အခဲနှင့်ကြုံတွေ့ပါက ညီအစ်ကိုဖြစ်သူကူညီပေး

၂၀၁၅ခုနှစ် ဇူလိုင်လလယ်ပိုင်းမှစ၍ မြန်မာနိုင်ငံရှိဒေသအချို့တွင် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုကြောင့် နှစ်(၄၀)အတွင်း မကြုံစဖူးသော ရေဘေးဒဏ်ခံခဲ့ရသည်။ ရေဘေးဒဏ်ဖြစ်ပွားပြီးသည့်နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှသံအမတ်ကြီး ဟုန်လျန်သည် သံရုံးရှိဝန်ထမ်းများကို ဦးဆောင်၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သို့ လျင်မြန်စွာသွားရောက်ပြီး ရေဘေးသင့်ဒေသများအတွက် ကယ်ဆယ်ရေးပစ္စည်း လှူဒါန်းပေးခဲ့သည်။ ရေဘေးသင့်ပြည်သူများကို နှစ်သိမ့်အားပေးခဲ့သည်။ ရေဘေးသင့်ပြည်သူများအပေါ် စေတနာဗလဝနှင့် ဂရုပြုပါကြောင်း ဖော်ပြခဲ့သည်။

“မြန်မာပြည်သူများရဲ့ ဆွေမျိုးပေါက်ဖော်ညီအစ်ကိုအဖြစ် ဒီလိုဆိုးရွားတဲ့ရေဘေးဒဏ်ကို ကြုံတွေ့ရတဲ့အတွက် တရုတ်ပြည်သူများက ထပ်တူထပ်မျှခံစားမိပါတယ်။ စိတ်ပူလောင်ကြပါတယ်”။ ထို့အတူ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများကို ကြိမ်ပေါင်းများစွာ လှူဒါန်းပေးခဲ့ သည်။ တန်ဖိုးစုစုပေါင်းမှာ ယွမ်ငွေသန်း(၁၀၀)ခန့်ရှိသည်။ မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ရေဘေးဒဏ်သည် ယူနန်ပြည်သူများ၏ စိတ်နှလုံးကိုလည်းဆွဲမိသည်။ ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံသို့ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ကြိမ်ပေါင်းများစွာ လှူဒါန်းပေးခဲ့သည်။ ၄င်းအနက် ၂၀၁၅ခုနှစ် ဩဂုတ်လအတွင်း မြန်မာနိုင်ငံသို့ တင်ဆောင်သွားခဲ့သော ယွမ်ငွေ(၅)သန်းတန်ထောက်ပံ့ရေးပစ္စည်း နှစ်သုတ်ကိုလည်း ပါဝင်ပါသည်။ တယ်ဟုန်ပြည်နယ်ခွဲနှင့် ရွှေလီမြို့တို့ကလည်း မြန်မာနိုင်ငံအတွက်ယွမ်း(၁)သန်း၊ ယွမ်(၃. ၅၈)သိန်းတန် ထောက်ပံ့ရေးပစ္စည်းများကို အသီးသီးလှူဒါန်းပေးခဲ့သည်။

အလားတူ တရုတ်နိုင်ငံBlue sky ကယ်ဆယ်ရေးအဖွဲ့ကလည်း မြန်မာနိုင်ငံသို့ သွားရောက်၍ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ တရုတ်ယူနန် Blue sky ကယ်ဆယ်ရေးအဖွဲ့မှူးစွင့်တာ့ဝေ၏ မိတ်ဆက်ခြင်းအရ မြန်မာနိုင်ငံသို့ ပထမဦးစွာရောက်ရှိသွားသော အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့အဖြစ် တရုတ်နိုင်ငံBlue skyကယ်ဆယ်ရေးအဖွဲ့သည် ဩဂုတ်လ ၂ ရက်နေ့မှစ၍ ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို (၁၀)ရက်ကျော်ဆောင်ရွက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံအတွင်းရှိ ကယ်ဆယ်ရေးအဖွဲ့ခွဲအသီးသီးမှ ရောက်ရှိလာကြသည့်ကယ်ဆယ်ရေးပညာရှင်နှင့် ကျွမ်းကျင်သူဆရာဝန်(၃၂)ဦးတို့ဖြင့် ဖွဲ့စည်းလိုက်သောကယ်ဆယ်ရေးအဖွဲ့မှ အဖွဲ့ဝင်များသည် ရေဘေးသင့်ဒေသများသို့ ကွင်းဆင်း၍ ကယ်ဆယ်ခဲ့ကြကြောင်း၊ ပျမ်းမျှခြင်းအားဖြင့် လူတစ်ဦးလျှင် နေ့စဉ်(၁၄)နာရီနှင့်အထက် ဆက်တိုက်အလုပ်လုပ်ခဲ့ပြီး နေ့စဉ်ကီလိုမီတာ(၂၀၀)ကျော်ခရီးနှင်၍ ကယ်ဆယ်ခဲ့ကြောင်း၊ ကျေးရွာပေါင်း(၂၀၀)ကျော်ကို ကွင်းဆင်းစစ်ဆေး၍ ရွာသူရွာသား(၂၆၀)ကျော်ကို ဆေးကုပေးခဲ့ကြောင်းသိရသည်။ တရုတ်နိုင်ငံနှင့်ယူနန်ပြည်နယ်တို့၏ ထောက်ပံ့ရေးဆောင်ရွက်ချက်သည် မြန်မာ့လူမှုလောကအသီးသီးတို့၏ ကောင်းချီးပြုခံခဲ့ရသည်။ ယူနန်ပြည်နယ် နိုင်ငံခြားရေးဌာနမှ ကယ်ဆယ်ရေးပစ္စည်းများပို့ဆောင်ရန်တာဝန်ယူခဲ့သည့် ဝန်ထမ်းတစ်ဦး၏ မိတ်ဆက်ခြင်းအရ ကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်ထားသည့် ကုန်တင်ယာဉ်ကိုယ်ထည်ပေါ်တွင်“သဘာဝဘေးက မေတ္တာကင်းမဲ့သော်လည်း လူသားတို့မှာ မေတ္တာရှိသည်။ ပေါက်ဖော်မှာ အခက်အခဲရှိလျှင် ညီအစ်ကိုဖြစ်သူက ကူညီရန် အသင့်ရှိသည်” ဟူသော တရုတ်-မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသည့်စာတန်းများကို ချိတ်ဆွဲထားသည့် ယာဉ်တန်းများသည် မြန်မာနိုင်ငံပြင်ဦးလွင်မြို့သို့ ရောက်ရှိသွားသောအခါ ဒေသခံပြည်သူများက ကားလမ်းတစ်ဘက်တစ်ချက်တွင် အလိုအလျောက်ရပ်လျက် လက်ခုပ်ဩဘာပေးကြကြောင်း၊ မြန်မာ့ရုပ်မြင်သံကြား၊ 《ဒီမိုကရေစီတူဒေး》၊ 《ရောဝတီ》စသည့် မြန်မာနိုင်ငံရှိ အဓိကမီဒီယာများကသတင်းဖော်ပြရာတွင်လည်း အထက်ပါကယ်ဆယ်ရေးဆောင်ရွက်ချက်များအတွက် ကောင်းချီးပြုခဲ့ကြောင်း၊ သဘာဝဘေးသည် မေတ္တာကင်းမဲ့သော်လည်း တရုတ်-မြန်မာပြည်သူများအကြား စီးဆင်းနေသည်မှာ လေးနက်လှသော မေတ္တာစစ်မေတ္တာမှန်ဖြစ်ကြောင်း သိရသည်။



**မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းနေစဉ်။**

## ယူနန်တွင် စိတ်ကူးမျှော်မှန်းချက်ဖော်ဆောင်သောလူငယ်

(၂၈)နှစ်အရွယ်ရှိသော မြန်မာ့ပညာတော်သင်ဖြစ်သူ လီကျင့်ချောင်သည် ယူနန်နော်မန်တက္ကသိုလ်တရုတ်ဘာသာကောလိပ် တရုတ်ဘာသာနိုင်ငံတကာသင်ကြားရေးမေဂျာမှ တတိယနှစ်ကျောင်းသားတစ်ဦးဖြစ်သည်။ ယူနန်ပြည်နယ်သို့ လာရောက်ပညာမသင်မီက ၄င်းသည် မြန်မာနိုင်ငံရှိ ကျောင်းတစ်ကျောင်းတွင် တရုတ်ဘာသာဆရာထမ်းဆောင်ခဲ့သည်။ ယခင်ကအလုပ်အကိုင်၊ ယနေ့က မေဂျာတို့သည် တရုတ်ဘာသာနှင့်ကျစ်ကျစ်ပါအောင် ဆက်နွယ်နေသည်။ လီကျင့်ချောင်ကိုယ်တိုင်ကလည်း တရုတ်ယဉ်ကျေးမှုနှင့်သံယောဇဉ်ကြီးသူ၊ ယူနန်နှင့်ရေစက်ပါသူဖြစ်သည်။

လီကျင့်ချောင်က “ကျွန်တော့်အမေဟာ ယူနန်သူဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ကလည်း ယူနန်သားထက်ဝက်ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်” ဟု ရယ်ရယ်ပြုံးပြုံးပြောသည်။ ၂၀၀၇ ခုနှစ်မှစတင်၍ ၄င်းသည် ယူနန်ပြည်နယ်သို့ ကြိမ်ပေါင်းများစွာ ရောက်ရှိခဲ့သောကြောင့် တရုတ်ယဉ်ကျေးမှုကို အထူးကြိုက်နှစ်သက်ပါသည်။ ယူနန်နော်မန်တက္ကသိုလ်သို့ လာရောက်ပညာသင်ကြားပြီးနောက် ၄င်းသည် တရုတ်ယဉ်ကျေးမှုနှင့်သက်ဆိုင်သောဗဟုသုတမျိုးစုံကို သင်ကြားလေ့လာခဲ့သည်။ “ကျွန်တော်ဟာလက်ဖက်ချက်ပြုတ်မှုအတတ်ပညာသင်တန်း၊ တရုတ်စာလုံးလက်ရေးသင်တန်းတက်ခဲ့တယ်။ တရုတ်တာအိုဘာသာအတွေးအခေါ်စသည့် တရုတ်ရိုးရာယဉ်ကျေးမှုများကိုလည်း လေ့လာခဲ့သည်”။ တရုတ်ယဉ်ကျေးမှုမှာ နက်ဝှမ်းကြွယ်ဝလှကြောင်း၊ မိမိ၏ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်စေသည့်ရှုထောင့်မှနေ၍ ကြည့်လျှင် လူငယ်များအတွက်လည်း လေ့လာဆက်ခံသင့်ကြောင်း လီကျင့်ချောင်ပြောသည်။

“ကျွန်တော်ဟာ《မစ္ဆိမတိုင်းခရီး》ဇာတ်လမ်းတွဲကို အရမ်းကြိုက်ပါတယ်”။ ၁၉၈၆ ခုနှစ်တုန်းက ရိုက်ကူးထားသောရုပ်သံဇာတ်လမ်းတွဲ 《မစ္ဆိမတိုင်းခရီး》နှင့် ယင်းဇာတ်လမ်းတွဲပါ စွန်းဝူခုန်းခေါ် ဇာတ်ဆောင်ကို လူသိနတ်ကြားလုနီးဖြစ်ကြောင်း၊ ယင်းဇာတ်လမ်းတွဲတွင် စွန်းဝူခုန်း၏သရုပ်ဆောင်သူလျိုရှောင်လင်ထုံသည် ၄င်းက အလွန်ရိုသေလေးစားသော အနုပညာရှင်ကြီးဖြစ်ကြောင်း၊ မကြာမီကလျိုရှောင်လင်ထုံ၏ဟောပြောပွဲသို့ မိမိကိုယ်တိုင်တက်ရောက်နားစွင့်ခဲ့ကြောင်း၊ ဟောပြောပွဲတွင် လျိုရှောင်လင်ထုံကတင်ပြဆွေးနွေးခဲ့သည့် “ကိုယ်ပြောင်း(၇၂)မျိုးကို ကြိုးစားပမ်းစားလေ့ကျင့်၊ ဒုက္ခ(၈၁)ပါးကို အပြုံးဖြင့်ရင်ဆိုင်”၊ မိမိ၏ခံယူချက်များကို ဇွဲကောင်းကောင်းနှင့်ဖော်ဆောင်သော “မစ္ဆိမတိုင်းခရီး” စိတ်ဓာတ်တို့သည် မိမိကိုစိတ်လှုပ်ရှားစေခဲ့ကြောင်း လီကျင့်ချောင်ကပြောသည်။

“မစ္ဆိမတိုင်းသွားပြီး ကျမ်းစာရယူသလိုလူ့ဘဝအတွက် အရေးအကြီးဆုံးမှာ မိမိရဲ့စိတ်ကူးမျှော်မှန်းချက်ကို ရှာရပြီးနောက် ယင်းစိတ်ကူးမျှော်မှန်းချက်များကိုလည်း စွမ်းစွမ်းတမံအကောင်အထည်ဖော်ဆောင်သွားမယ် ဖြစ်ပါတယ်”ဟု ၄င်းကအလိုက်တလဲ့ပြောသည်။ ဘဝအတွက်လိုက်လဲ့စိတ်ပြည့်လျှံသည့် ယင်းမြန်မာလူငယ်သည် ယူနန်ပြည်နယ်တွင် လုံ့လစိုက်၍ ကြိုးစားပမ်းစားသင်ကြားလျက်ရှိပြီး မိမိ၏စိတ်ကူးမျှော်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်နေဆဲဖြစ်သည်။